ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ စနေနေ့၊ (27-1-2007) (၅၂၁၅)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Boonsrang Niumpradit အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံ)နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (အောက်ပုံ) (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

## တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၇-၁-၂၀၀၇
(စနေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံကောင်းများတည်ဆောက် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား၍ စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ နယ်မြေဒေသတိုင်း၌ လူငယ်များ ပညာသင်ယူနိုင်ရေး၊ အဆင့်မြင့်ပညာ တက်လှမ်းသင်ယူနိုင်ရေးနှင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိနိုင်ရေးအတွက် စာသင်ကျောင်းများ၊ တက္ကသိုလ် ကောလိပ်များနှင့် ဆေးရုံဆေးပေးခန်းများကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

အထူးသဖြင့် ဝေးလံခေါင်ဖျားပြီး ဖွံ့ဖြိုးမှု နောက်ကျနေခဲ့သည့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ ပညာတတ်မြောက်ရေး၊ အသိပညာ ဗဟုသုတပြည့်စုံပြီး ကျန်းမာရေး အသိပညာရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ပညာရေးဝန်ထမ်းများကို မွေးထုတ်ပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအား ခေတ်ပညာတတ်ဆရာ၊ ဆရာမများအဖြစ် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)သို့ ရောက်ရှိနေပြီဖြစ်သည်။ သင်တန်းဆင်းချိန်တွင် ပညာရေးဘွဲ့ ဒီဂရီနှင့်အတူ အလုပ်တာဝန်ကိုပါ ခန့်အပ်ပေးခဲ့ပြီးဖြစ်ရာ မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသအသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

သင်တန်းဆင်းဆရာ၊ ဆရာမများသည် ဒေသခံလူငယ်များအား စာပေပညာ သင်ကြားပေးရုံသာမက အသိပညာဖွံ့ဖြိုးရေး၊ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ တိုးပွားခိုင်မာနေစေရေးအတွက် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် ပညာရေးအခြေခံမြင့်မားမှုစသည့် အခြေခံကောင်းများကို အခိုင်အမာ တည်ဆောက်နေပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံကောင်း၊ အခြေအနေကောင်းများ အရှိန်အဟုန် မြင့်မြင့်မားမား ဖြစ်တည်ထွန်းကားလျက်ရှိရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းဆင်း ဆရာ၊ ဆရာမများအပါအဝင် တိုင်းရင်းသားလူမျိုးများ အားလုံးက အမျိုးသားရေးမူဝါဒအပေါ် ယုံကြည် သက်ဝင်ပြီး လက်တွဲကြိုးပမ်းကြခြင်းဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းမြှင့်တင်သွားနိုင်မည် ဖြစ်ပါသည်။ ။

# မိုင်းရယ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြားကြည့်ရှုရေးစခန်းများ ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ကျေးလက်နေပြည်သူများ မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုနိုင်ရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ရက်တွင် လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာနှင့် လွယ်ငင်းကျေးရွာတို့၌ ကျေးရွာကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

(၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) မင်္ဂလာဒုံ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လိုပါက တပ်မတော်ဆေးတက္ကသိုလ် ဖုန်း- ၀၃၁- ၃၅၀၆၃၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ဖုန်း-၀၃၁-၃၅၀၇၉၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ဖုန်း- ၀၃၁ -၃၁၂၅၃နှင့် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဖုန်း-၀၃၁-၃၅၁၀၉ တို့သို့ ဖေဖော်ဝါရီ ၂ရက်မှ ၅ရက်အတွင်း ဆက်သွယ်စာရင်းပေးနိုင်ပြီး အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ဗိုလ်လောင်းများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသားများနှင့် စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဇန်နဝါရီ ၂၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီးတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး HE. Mr. Bhaskar Kumar Mitra ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ထီးလင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မကွေးတိုင်း ထီးလင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား (၁၀၀)ဝပ်၊ လှိုင်းနှုန်း (၆) ဖြင့် ဇန်နဝါရီ ၂၄ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အီရတ်စစ်ပွဲ မူလကပင်မှားယွင်းနေ ဂျပန်ကာကွယ်ရေးဝန်ကြီး ဝေဖန်

**တိုကျို ဇန်နဝါရီ ၂၅**

အမေရိကန်က အီရတ်ကို တိုက်ခိုက်ခဲ့သော စစ်ပွဲသည် မူလစတင်စဉ်ကပင် မှားယွင်းနေသော လုပ်ရပ်ဖြစ်သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။ အမေရိကန်သမ္မတဘုရှ်က အီရတ်၌ ဖြစ်ပေါ်နေသော အခြေအနေကို ပြုပြင်နိုင်ရန်ဟူသော အကြောင်းပြချက်ဖြင့် တပ်ဖွဲ့ဝင် ၂၁၅၀၀ ထပ်မံစေလွှတ်ရန် လိုအပ်ကြောင်း ခွင့်ပြုချက်တောင်းခံလျက်ရှိသည်။ သို့သော်လည်း အဆိုပါတောင်းဆိုချက်ကို အမေရိကန် ကွန်ဂရက်က လက်မခံကြောင်း လက္ခဏာများ ပြသလျက်ရှိသည်။

အီရတ်တွင် နျူကလီးယားလက်နက်များရှိနေသည်ဟူသော ယူဆချက်ဖြင့် အမေရိကန်သမ္မတဘုရှ်သည် အီရတ်စစ်ပွဲကို စတင်ဆင်နွှဲခဲ့သည်။ သို့ရာတွင် ထိုဆုံးဖြတ်ချက်သည် မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်သည်ဟု မိမိရှုမြင်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဖူမီအိုကျူးမားက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်ကို ကိုးကား၍ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံကို အမေရိကန်တို့ သိမ်းစဉ်က စစ်ပွဲပြီးလျှင်မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို အစီအစဉ်ရှိထားသော်လည်း ယခုဆင်နွှဲသည့် အီရတ်စစ်ပွဲတွင် စစ်ပြီးကာလလုပ်ဆောင်ရမည့်အစီအစဉ်ဟူ၍ ရေရေရာရာမရှိခဲ့ဟု ကျူးမားက အမေရိကန်တို့၏ လုပ်ရပ်ကို ပြစ်တင်ဝေဖန်ခဲ့သည်။

***အမ်အင်အေ၊ ရိုက်တာ။***

**ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ**

# အမေရိကန်တို့၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒ မှားယွင်းပြီး ကျဆုံးမည့် မူဝါဒဟု အီရန်သမ္မတ ဝေဖန်

တီဟီရန် ဇန်နဝါရီ ၂၅

**အမေရိကန်တို့က ယနေ့ကာလ၌ အရှေ့အလယ်ပိုင်းဒေသတွင် ကျင့်သုံးနေသောဝါဒသည် လူမျိုးကြီးဝါဒဖြစ်သည့်အပြင် မှားယွင်းနေပြီး ကျဆုံးမည့် မူဝါဒမျိုးလည်းဖြစ်သည်ဟု အီရန်သမ္မတ အာမက်ဒီနိရတ်က ဝေဖန်ပြောကြားကာ ပြစ်တင်ရှုတ်ချလိုက်ကြောင်း အီရန်နိုင်ငံ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။**

အထက်ပါမှတ်ချက်ကို အီရန်နိုင်ငံသို့ ရောက်ရှိနေသည့် ဆီးရီးယားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး အာမီရာနာဆီစလန်းနှင့် တွေ့ဆုံရာ၌ အီရန် သမ္မတက ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်တို့က အီရန်နှင့် ဆီးရီးယားနိုင်ငံတို့သည် အီရတ်နိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများ၌ ဝင်ရောက်စွက်ဖက်နေသည်ဟု စွပ်စွဲခဲ့သည်။ ထိုစွပ်စွဲချက်သည် အလွန်ရယ်စရာကောင်းသည့် ပြက်လုံးတစ်ခုနှင့်သာတူသည်ဟု အီရန်သမ္မတက ဝေဖန်ပြောကြားကာ အမေရိကန်တို့၏စွပ်စွဲချက်ကို ပယ်ချလိုက်သည်။

မကြာသေးမီက အီရန်နိုင်ငံ၏ နျူကလီးယားထုတ်လုပ်သည့်အစီအစဉ်ကြောင့်လည်းကောင်း၊ အီရတ်နိုင်ငံရှိ အီရန်သံတမန်ကို အမေရိကန်တပ်ဖွဲ့က အတင်းအဓမ္မခေါ်ဆောင်သွားသည့်အတွက်ကြောင့်လည်းကောင်း အီရန်နှင့် အမေရိကန်တို့၏ ဆက်ဆံရေးသည် ပိုမိုဆိုးရွားလာခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဗီယက်နမ် တောင်ပိုင်းတွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားနေ

**ဟနွိုင်း ဇန်နဝါရီ ၂၅**

ဗီယက်နမ်နိုင်ငံတောင်ပိုင်းဒေသရှိ ဒွန်သက်ပြည်နယ်မှ သာမန်သွားလာနေသည့်ဘဲများကို နမူနာယူ၍ ကြက်ငှက်တုပ်ကွေးရောဂါ ရှိ၊ မရှိ စမ်းသပ်ကြည့်ရာ ရောဂါရှိနေသည်ကို တွေ့ရှိရကြောင်း ဒေသခံလူငယ်သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

သာကင်၊ လက်ဗိုနှင့် မူဝိုင်း ခရိုင်သုံးခုမှ ဘဲများကို စမ်းသပ်ကြည့်ကြခြင်းဖြစ်သည်ဟု အဆိုပါသတင်းစာက ပြည်နယ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနကို ကိုးကား၍ဖော်ပြသည်။

သာမန်သွားလာနေသည့်ဘဲများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ရှိနေသဖြင့် ဒွန်သက်တွင် ကြက်ငှက်ရောဂါဖြစ်ပွားမှုအန္တရာယ် ကြီးမားနေကြောင်း၊ ယင်းကြောင့် အိမ်မွေးတိရစ္ဆာန်များကို နယ်စပ်ကျော်ဖြတ်ရန်နှင့် ရောဂါမကူးစက်ရန် သီးခြားထားသည့် ကြက်ငှက်များကို ပြည်နယ်သို့ သယ်ယူပို့ခြင်းမပြုရေးအတွက် စောင့်ကြည့်လေ့လာရန် ယင်းပြည်နယ်တွင်း အခက်အခဲဖြင့် ရင်ဆိုင်နေရသည်ဟု သတင်းစာက ရေးသားသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဗီယက်နမ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီး ကြက်ငှက်ကောင်ရေ သန်းချီ၍ သတ်ဖြတ်ပစ်ခဲ့ရသည်ဟု ဖော်ပြပါဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



✳ ကျောဖုံးမှ

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် နံနက် ၁၀နာရီ ၄၅မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Boonsrang Niumpradit နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Boonsrang Niumpradit တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၇-၁-၂၀၀၇ (စနေနေ့)

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၄၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ ဆရာတော်ဦးဃောသိတ တရားတော် **-အဂ္ဂိဝစ္ဆသုတ်**
**၉:၁၅** ၁၂။ အပိတ်နှုတ်ဆက်စကား
**၉:၁၆** ၁၃။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

**၁၂:၀၀** ၁။ မြဝတီအဖွင့်
**၁၂:၀၅** ၂။ အဖွင့်သီချင်း
**၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
**၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
**၁၂:၃၀** ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း ကြိုးနှစ်ဆ(ဒွေး၊အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွင့်)**
**၁၃:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၁၃:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
**၁၄:၀၀** ၈။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၅** ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၄:၃၅** ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
**၅:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၇။ နိုင်ငံတကာသတင်း
**၆:၂၀** ၈။ မိုးလေဝသသတင်း
**၆:၂၅** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၃၀** ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
**၆:၄၀** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
**၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁)**
**၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ **FA CUP ဘောလုံးပွဲ Birmigham City Vs Reading**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

**ထူးခြားသည့် ညအပူချိန်များ ၂၆-၁-၂၀၀၇**

| နမ့်စန်နှင့်လားရှိုး | ပူတာအိုနှင့်ဟားခါး | ရန်ကုန် |
|---|---|---|
| ၁ ဒီဂရီစင်တီဂရိတ် | ၄ ဒီဂရီစင်တီဂရိတ် | ၂၁ ဒီဂရီစင်တီဂရိတ် |

❍ စာမျက်နှာ ၄ မှ

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ပြည်နယ်/တိုင်း | လေ့လာခြင်း | | ဟောပြောခြင်း | | ပြပွဲ | | ကပွဲ | | အစားအစာရောင်းချပွဲ | | တွေ့ဆုံပွဲ | | စာပေယဉ်ကျေးမှု | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ |
| ၁။ | ကချင် | ၁၇ | ၂၅၆၀ | ၁၂ | ၂၄၁၅ | ၁၀ | ၃၀၁၀ | ၁၆ | ၂၁၆၅ | ၂၀ | ၃၄၁၄ | ၂၁ | ၁၄၇၅ | ၁၈ | ၃၆၂၀ |
| ၂။ | ကယား | ၁၁ | ၅၂၅ | ၁၁ | ၈၁၄ | ၉ | ၅၄၉၂ | ၁၂ | ၁၆၂၆၃ | ၃ | ၁၃၃၀ | ၁၀ | ၁၂၁၅ | ၆ | ၁၉၆၃ |
| ၃။ | ကရင် | ၃၆ | ၁၂၈၅ | ၃၁ | ၆၀၃၀ | ၄ | ၁၆၆၀ | ၁၄ | ၆၄၇၀ | ၂ | ၁၅၈၀ | ၂ | ၅၁၀ | ၈ | ၄၆၃၀ |
| ၄။ | ချင်း | ၅ | ၃၀၀ | ၅ | ၁၉၂၀ | ၂ | ၂၀၉၀ | ၉ | ၃၀၇၇ | ၅ | ၂၈၈၀ | - | - | ၁ | ၅၁၀ |
| ၅။ | စစ်ကိုင်း | ၁၆ | ၇၂၂ | ၁၁၈ | ၂၈၂၄၄ | ၁၂ | ၄၉၀၆ | ၁၀ | ၇၅၁၂ | ၃၇ | ၆၃၆၂ | ၇ | ၆၅၉ | ၁၇ | ၁၈၈၇ |
| ၆။ | တနင်္သာရီ | ၂ | ၄၀ | ၂၃ | ၁၂၆၅ | - | - | ၃ | ၁၂၀၀ | ၈ | ၁၄၆၅ | ၂ | ၁၀၀ | ၃ | ၃၅၄ |
| ၇။ | ပဲခူး | ၂၈ | ၁၃၂၆ | ၃၃ | ၅၁၈၂ | ၁၀ | ၁၄၄၅ | ၁၁ | ၁၃၇၆ | ၇ | ၄၂၀ | ၁၄ | ၇၁၂ | - | - |
| ၈။ | ပဲခူး(အနောက်) | ၂ | ၅၇၅ | ၂ | ၁၅၀ | ၂ | ၁၉၀ | ၂ | ၂၀၀ | - | - | - | - | - | - |
| ၉။ | မကွေး | ၇ | ၃၆၈ | ၃၆ | ၄၇၈၄ | ၁၀ | ၁၇၂၀ | ၁ | ၂၅၀ | ၉ | ၈၁၈ | - | - | - | - |
| ၁၀။ | မန္တလေး | ၈၆ | ၆၂၈၆ | ၂၀၀ | ၂၆၆၀၅ | ၁ | ၂၇၀ | ၅ | ၁၁၄၁ | ၄၁ | ၉၃၆၇ | ၁၂ | ၇၀၀ | ၁ | ၁၇၈ |
| ၁၁။ | မွန် | ၇ | ၁၃၃၀ | ၇ | ၂၅၈၅ | ၂ | ၁၆၅ | ၂ | ၁၈၀ | ၃ | ၃၁၉ | ၆ | ၄၆၅ | ၂ | ၁၄၅ |
| ၁၂။ | ရခိုင် | ၁၀ | ၂၄၉ | ၅၄ | ၂၇၈၃ | ၁ | ၃၅ | ၉ | ၁၈၄၁ | - | - | ၁၂ | ၂၀၅ | ၃ | ၉၅ |
| ၁၃။ | ရန်ကုန် | ၆၀ | ၁၈၃၉ | ၆၅ | ၃၄၉၄ | ၃ | ၅၀၀ | ၁၀ | ၅၇၅ | ၅၅ | ၃၅၃၅ | ၁၀ | ၃၉၂ | ၄ | ၁၄၀ |
| ၁၄။ | ရှမ်း(တောင်) | ၁၂၈ | ၁၂၄၆၄ | ၁၁၄ | ၁၄၅၃၂ | ၅၀ | ၁၄၉၂၅ | ၅၄ | ၇၀၂၆ | ၇၇ | ၁၁၆၄၀ | ၁၁၇ | ၁၅၅၆၉ | ၅၉ | ၇၀၇၇ |
| ၁၅။ | ရှမ်း(အရှေ့) | ၃၂ | ၅၉၃ | ၁၂၃ | ၆၁၅၂ | ၁၃ | ၂၀၁၁ | ၁၆ | ၁၆၂၆ | ၁၅ | ၁၂၁၀ | ၅၉ | ၂၈၀၆ | ၃၃ | - |
| ၁၆။ | ရှမ်း(မြောက်) | ၄၇ | ၂၀၅၇ | ၅၀ | ၃၀၁၆ | ၉ | ၅၄၈၀ | ၄၅ | ၁၃၆၁၄ | ၁၀ | ၄၆၅၂ | ၃၀ | ၁၈၄၄ | ၁၉ | ၁၅၇၁ |
| ၁၇။ | ဧရာဝတီ | ၄၄ | ၃၄၁၆ | ၁၆၂ | ၁၉၁၁၂ | ၆ | ၇၉၅ | ၂၃ | ၂၂၉၅ | ၉ | ၈၈၇ | ၁၈ | ၁၂၂၀ | ၄ | ၇၇၀ |
| | စုစုပေါင်း | ၅၃၈ | ၃၅၉၃၅ | ၁၀၄၆ | ၁၂၉၀၈၃ | ၁၄၄ | ၄၄၆၉၄ | ၂၄၆ | ၆၆၇၇၁ | ၃၀၁ | ၄၉၈၇၉ | ၃၂၀ | ၂၇၈၇၂ | ၁၇၈ | ၂၂၉၄၀ |



ဒေသစည်းရုံးရေးမှူး ဒေါ်စန်းစန်းဝေ မိုင်းဖြတ်ဒေသတိုင်းရင်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း စကားဝိုင်းဖွဲ့ ဆွေးနွေးပြီး လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)




## အသိပညာပေး ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာတွင် အသိပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)

အမျိုးသမီးငယ်များနှင့်စပ်လျဉ်း၍ မိမိလူမျိုးနှင့် ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းတတ်စေရန်၊ လွဲမှားနေသော အယူအဆများကို ပညာပေးပြုပြင်ပေးရန်နှင့် ကျန်းမာရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာ ၂၀၀၆ခုနှစ်အတွင်း ပညာပေးဟောပြောခြင်း ၇၂၂၁ကြိမ် လူဦးရေ(၈ဒသမ၃)သိန်း၊ သင်တန်းပေးခြင်း ၇၈၄ ကြိမ် လူဦးရေ (၆၀၇၇)ဦး၊ အားကစားသင်တန်းပေးခြင်း ၁၉၉၅ ကြိမ် လူဦးရေ(၁ဒသမ၄)သိန်း ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသမီးငယ်/ရွယ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ပြည်နယ်/တိုင်း | အသိပညာပေးဟောပြောခြင်း | | သင်တန်းပေးခြင်း | | ဟောပြောပွဲများကျင်းပခြင်း | | အားကစားသင်တန်းပေးခြင်း | |
|---|---|---|---|---|---|---|---|---|---|
| | | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ |
| ၁။ | ကချင် | ၂၂ | ၃၃၈၅ | ၂၅ | ၁၃၈၆ | ၂၇ | ၁၀၇၇၅ | ၆၉ | ၂၇၇၆ |
| ၂။ | ကယား | ၄၀ | ၃၆၇၈ | ၁ | ၉၀ | ၃၆ | ၄၆၀၀ | ၁၁ | ၂၈၉ |
| ၃။ | ကရင် | ၁၈၁ | ၃၀၄၈၆ | ၅ | ၁၈၅ | ၁၅၈ | ၂၅၇၆၀ | ၂၂ | ၈၂၃ |
| ၄။ | ချင်း | ၃၆ | ၇၈၉၃ | ၈ | ၃၃၉ | ၂၆ | ၅၂၁၅ | ၂၄ | ၈၅၆ |
| ၅။ | စစ်ကိုင်း | ၅၁၅ | ၇၇၇၇၇ | ၁၆၇ | ၁၂၄၃၂ | ၃၅၂ | ၈၁၂၅၅ | ၃၅၈ | ၁၉၄၉၅ |
| ၆။ | တနင်္သာရီ | ၅၉ | ၄၈၆၈ | ၉ | ၃၂၇ | ၄၄ | ၄၆၀၅ | ၆၉ | ၂၇၁၉ |
| ၇။ | ပဲခူး | ၁၅၇ | ၂၂၈၉၇ | ၂၁ | ၈၀၅ | ၁၂၁ | ၂၈၃၄၂ | ၄၅ | ၂၈၅၆ |
| ၈။ | ပဲခူး(အနောက်) | ၅၂ | ၅၆၅၉ | ၄ | ၅၆၀ | ၃၆ | ၆၀၄၅ | ၁၈ | ၅၄၀ |
| ၉။ | မကွေး | ၆၃ | ၇၅၉၄ | ၂၉ | ၉၀၆ | ၇၈ | ၁၁၂၇၈ | ၂၆ | ၅၇၀ |
| ၁၀။ | မန္တလေး | ၁၀၇၈ | ၁၃၂၄၈၇ | ၁၉၀ | ၂၇၇၅၀ | ၆၉၇ | ၁၁၂၅၆၄ | ၃၀၅ | ၆၇၄၅၂ |
| ၁၁။ | မွန် | ၄၄ | ၅၄၆၇ | ၁၄ | ၇၈၅ | ၄၅ | ၂၅၀၀ | ၃၆၅ | ၁၂၂၀ |
| ၁၂။ | ရခိုင် | ၇၇ | ၆၇၁၁ | ၆၄ | ၂၅၄၄ | ၇၈ | ၇၁၀၉ | ၁၀ | ၂၉၅ |
| ၁၃။ | ရန်ကုန် | ၂၇၄ | ၂၀၉၈၃ | ၇ | ၂၈၇ | ၁၆၂ | ၁၁၆၀၄ | ၃၈ | ၁၅၅၃ |
| ၁၄။ | ရှမ်း(တောင်) | ၃၉၄ | ၄၃၃၂၀ | ၈၈ | ၃၂၆၄ | ၃၀၂ | ၂၉၁၁၈ | ၁၆၃ | ၂၉၁၁၈ |
| ၁၅။ | ရှမ်း(အရှေ့) | ၁၄၉ | ၁၂၉၈၃ | ၃၆ | ၁၇၉၃ | ၁၄၉ | ၁၂၉၈၃ | ၁၇ | ၄၈၀ |
| ၁၆။ | ရှမ်း(မြောက်) | ၂၇၇ | ၃၃၈၇၂ | ၈၂ | ၅၉၅၈ | ၂၅၃ | ၃၅၇၈၈ | ၂၀၆ | ၁၀၇၉၈ |
| ၁၇။ | ဧရာဝတီ | ၅၁၀ | ၇၄၉၆၃ | ၃၃ | ၁၇၅၉ | ၄၁၉ | ၆၀၉၃၃ | ၂၄၉ | ၄၆၄၅ |
| | စုစုပေါင်း | ၄၂၁၉ | ၄၉၃၈၈၃ | ၇၈၄ | ၆၀၇၇၀ | ၃၀၀၃ | ၄၄၂၅၉၄ | ၁၉၉၅ | ၁၄၆၀၀၆ |

ပြန်ကြားရေးလုပ်ငန်းတွင် အမျိုးသမီးများ အသိပညာတိုးတက်မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေး၊ ကျန်းမာရေး၊ ဘဝလုံခြုံရေးတို့အတွက် နံရံကပ်စာစောင်များပြသခြင်း ၈၉၈ ကြိမ် လူဦးရေ (၈၆၂၀၉)ဦး၊ ဓာတ်ပုံပြပွဲ ကျင်းပခြင်း ၉၅၅ ကြိမ် လူဦးရေ(၁ဒသမ၉)သိန်း၊ သတင်း၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းနှင့်တီဗွီ၊ ရေဒီယိုများမှ သတင်းပြန်ကြားနိုင်မှု ၂၁၅၇ကြိမ်နှင့် စာစောင်ဖြန့်ဝေခြင်းအရေတွက် (၁၂၈၁၁၂)စောင်၊ ပညာပေးရုပ်ရှင်၊ ဗီဒီယိုပြသမှု ၆၂၅၉ ကြိမ် လူဦးရေ(၅ဒသမ၉) သိန်း၊ စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းခြင်း ၂၆၇၃ကြိမ် စာအုပ်ပေါင်း(၁၉၆၇၈၇) အုပ် လှူဒါန်းနိုင်ခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

* စာမျက်နှာ ၅မှ

ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ပြည်နယ်/တိုင်း | နံရံကပ်စာစောင် ဓာတ်ပုံ ပြန်ကြားနိုင်မှု | | | | သတင်းလွှာ၊ဂျာနယ်၊ မဂ္ဂဇင်း၊လက်ကမ်းစာစောင် ရရှိ/ထုတ်ဝေမှု | | ပညာပေးရုပ်ရှင် ဗီဒီယိုပြသမှု | | သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ TV ပြန်ကြားနိုင်မှု | | | | | စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နံရံကပ်စာစောင် | | ဓာတ်ပုံ | | | | | | | | | | | | | |
| | | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ | ရရှိမှု | ကြိမ်/ထုတ်ဝေမှု | ကြိမ် | ဦးရေ | သတင်းစာ | ဂျာနယ် မဂ္ဂဇင်း | TV | ရေဒီယို | ပေါင်း | စာကြည့်တိုက် အရေအတွက် | စာအုပ်အရေ အတွက် | |
| ၁ | ကချင် | ၃၂ | ၁၄၁၅ | ၃၈ | ၅၅၆၀ | ၁၂၅၂၄ | ၂/၂၀၀၀ | ၁၈၂ | ၁၀၆၅၂ | ၁၉ | ၁၄ | ၂၄ | ၁၄ | ၇၁ | ၃၂ | ၆၉၃၁ | |
| ၂ | ကယား | ၃၃ | ၃၀၃၀ | ၃၁ | ၃၅၅၃ | ၂၉၉၀ | ၁/၁၀၀၀ | ၆၀ | ၅၄၉၅ | ၁၃ | ၁၀ | ၁၆ | - | ၃၉ | ၃၅ | ၁၂၅၁ | |
| ၃ | ကရင် | ၈ | ၁၇၈ | ၁၁ | ၃၅၇၀ | ၄၂၉၆ | ၇/၄၃၀၀ | ၅၀ | ၈၈၇၃ | ၂၅ | ၄ | ၄၀ | ၈ | ၇၇ | ၁၅၂ | ၃၈၀၉ | |
| ၄ | ချင်း | ၆ | ၃၁၇ | ၁၁ | ၁၂၉၃ | ၁၀၈၂ | - | ၃၉ | ၂၄၇၅ | ၆ | ၃ | ၁၈ | - | ၂၇ | ၆ | ၃၂၁ | |
| ၅ | စစ်ကိုင်း | ၂၁၃ | ၄၄၉၅၁ | ၁၁၁ | ၆၇၁၆၅ | ၅၅၅၀ | ၂၂/၁၄၇၈၅၀ | ၆၇၃ | ၉၉၂၅၀ | ၁၆၃ | ၁၇၈ | ၁၆၆ | ၁၅ | ၅၂၂ | ၃၉၉ | ၁၆၆၇၇ | |
| ၆ | တနင်္သာရီ | ၁၇ | ၅၈၇ | ၃၈ | ၂၁၀၀ | ၂၁၂၀ | - | ၉၀ | ၇၄၁၅ | ၃၁ | ၅ | ၂၈ | ၉ | ၇၃ | ၆၁ | ၂၈၁၀ | |
| ၇ | ပဲခူး | ၆၁ | ၂၅၀၄ | ၇၀ | ၂၁၀၀၅ | ၃၄၉၆ | ၁၇/၂၂၀၀၀ | ၄၀၃ | ၂၉၉၇၂ | ၇၀ | ၂ | ၄၀ | - | ၁၁၂ | ၂၄၇ | ၁၅၈၈၉ | |
| ၈ | ပဲခူး(အနောက်) | ၉ | ၄၉၀ | ၁၁ | ၁၃၃၃ | ၁၇၂၉ | - | ၆၂ | ၃၁၉၀ | ၁၀ | - | ၄ | - | ၁၄ | ၁၈၂ | ၃၅၃၇ | |
| ၉ | မကွေး | ၅ | ၄၅၅ | ၁၆ | ၁၂၅၀ | ၇၁၂၈ | - | ၁၉၁ | ၂၁၈၈၅ | ၇ | ၅ | ၁၅ | - | ၂၇ | ၈၂ | ၇၇၈၉ | |
| ၁၀ | မန္တလေး | ၄၀ | ၇၁၁၉ | ၆၇ | ၂၆၀၇၇ | ၂၀၅၅၄ | ၂/၃၀၀၀ | ၉၁၅ | ၉၈၅၃၇ | ၄၁၈ | ၃၂ | ၁၁၇ | ၁ | ၅၆၈ | ၂၅၇ | ၅၅၄၇၉ | |
| ၁၁ | မွန် | ၃၉ | - | ၃၉ | - | ၁၄၅၄၄ | - | - | - | ၃၀ | ၇ | ၃၈ | - | ၇၅ | - | ၁၃၇၈၀ | |
| ၁၂ | ရခိုင် | ၁၇ | ၁၀၄၅ | ၁၃ | ၈၅၀ | ၇၁၀၈ | - | ၂၀၃ | ၁၅၇၅၅ | ၁၇ | ၅ | ၁၁ | - | ၃၃ | ၂၈ | ၁၅၂၄ | |
| ၁၃ | ရန်ကုန် | ၁၀၅ | ၁၇၄၇ | ၁၁၆ | ၄၁၉၇ | ၁၃၇၈၄ | ၁၁/၁၀၄၆၅ | ၃၈၉ | ၂၀၀၄၁ | ၁၀၄ | ၁၆ | ၃၅ | ၁၂ | ၁၆၇ | ၂၁၆ | ၁၃၉၀၈ | |
| ၁၄ | ရှမ်း (တောင်) | ၄၄ | ၈၄၁၅ | ၁၂၂ | ၂၁၇၄၄ | ၅၄၁၀ | ၉/၁၅၀၀ | ၅၄၄ | ၃၃၇၁၃ | ၃၄ | ၁၆ | ၄၉ | ၄၅ | ၁၄၄ | ၁၈၈ | ၄၄၃၄ | |
| ၁၅ | ရှမ်း (အရှေ့) | ၁၇၄ | ၁၀၂၆၉ | ၁၁၉ | ၂၆၀၄၅ | ၂၆၅၄ | ၄/၇၅၀ | ၆၇၆ | ၄၇၈၁၄ | ၃၄ | ၃ | ၄၇ | - | ၈၄ | ၁၃၆ | ၁၈၆၄၀ | |
| ၁၆ | ရှမ်း (မြောက်) | ၄၁ | ၃၄၀၃ | ၃၈ | ၄၀၄၇ | ၈၃၇၇ | ၂၀၂/၈၅၀၅၀ | ၁၂၈၇ | ၉၈၇၇၉ | ၄၂ | ၅ | ၂၄ | - | ၇၁ | ၃၆၅ | ၁၇၉၇၂ | |
| ၁၇ | ဧရာဝတီ | ၅၄ | ၂၈၄ | ၁၀၄ | ၅၇၁၇ | ၁၄၇၆၆ | ၃/၇၀၀ | ၄၉၅ | ၅၉၂၆၆ | ၃၄ | ၁ | ၁၁ | ၇ | ၅၃ | ၂၉၇ | ၁၂၀၇၅ | |
| | စုစုပေါင်း | ၈၉၈ | ၈၆၂၀၉ | ၉၅၅ | ၁၉၅၅၁၆ | ၁၂၈၁၁၂ | | ၆၂၅၉ | ၅၆၃၁၁၂ | ၁၀၅၇ | ၃၀၆ | ၆၈၃ | ၁၁၁ | ၂၁၅၇ | ၂၆၇၃ | ၁၉၆၇၈၇ | |

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ၂၀၀၇ခုနှစ်အတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်အတွက် ရှေ့လုပ်ငန်းစဉ် (၉)ရပ်ချမှတ်ခဲ့ပြီး ပြည်နယ်၊ တိုင်းများအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူတို့၏ အန္တရာယ်မှ တားဆီးကာကွယ်ရေးသည် အမျိုးသမီးများ၏ ဘဝလုံခြုံရေးပင်ဖြစ်ကြောင်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများကို ကျော်လွှားရန် ကိုယ့်ခွန်ကိုယ့်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာတွင် အသိပညာပေးဟောပြောစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး မော်လမြိုင်မြို့တွင် နှစ်သိမ့်ဆွေးနွေး အကြံပေး သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)




London Teacher Training College မှ Associate TESOL Advisor, Dr. Alan Richardson က သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

# STI Education သင်တန်းနှစ်ပတ်လည်နှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

STI Education သင်တန်းနှစ်ပတ်လည်နှင့် သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁နာရီတွင် Parkroyal Hotel ၌ ကျင်းပသည်။

**မိတ်ဆက်ပြောကြား**

အဆိုပါ အခမ်းအနားတွင် STI Education မှ Associate Administrator, Ms. Kellie Keenan က မကြာမီဖွင့်လှစ်မည့် Diploma In Logistics Management (DLM) သင်တန်းအကြောင်းနှင့် စပ်လျဉ်း၍ မိတ်ဆက်ပြောကြားပြီး London Teacher Training College မှ Associate TESOL Advisor, Dr. Alan Richardson က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အင်္ဂလိပ်စာဆရာဖြစ် ဒီပလိုမာသင်တန်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းနှင့် အင်္ဂလိပ်စာဆက်သွယ်ပြောဆိုမှုဆိုင်ရာ သင်တန်းတို့မှ သင်တန်းဆင်း ကိုယ်စားလှယ် တစ်ဦးစီက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

**ချီးမြှင့်ပေးအပ်**

ယင်းနောက် သင်တန်းဆင်းလက်မှတ်ရရှိသူ ၆၀တို့အား နည်းပြဆရာ၊ ဆရာမများက သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့သည်။

STI Education သည် အင်္ဂလိပ်ဘာသာဆက်သွယ်ပြောဆိုမှု သင်တန်းများ၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းနှင့် Logistics Management သင်တန်းများကို စင်ကာပူနိုင်ငံနှင့် အင်္ဂလန်နိုင်ငံရှိ ကျောင်းများနှင့် ပူးပေါင်းဖွင့်လှစ် သင်ကြားလျက်ရှိသည်။

STI Education မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများသည် STI Education သင်တန်း အဆောင်(၄)၊ အခန်း(၇) Myanmar Info-Tech ဖုန်း–၀၁–၅၀၇၀၄၆ နှင့် ၅၀၇၀၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်း ထုတ်ပြန်

ရန်ကုန်　　ဇန်နဝါရီ　　၂၆

**သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့က ၁၃၆၈ ခုနှစ် ပြာသိုလဆန်း ၆ ရက်၊ (၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၄ရက်)မှ တပို့တွဲလဆန်း ၆ရက်၊ (၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၃ရက်)အထိကျင်းပခဲ့သော (၅၉)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မပထမပိုင်းငါးကျမ်းသဘောရေးဖြေအောင်၍ မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း၊သဘောရေးဖြေအောင်၍ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်၍ ဝိနယကောဝိဒ လေးပါး၊ ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်၍ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ အဘိဓမ္မပိဋက၊အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း အာဂုံအောင်၍ တိပိဋကဓရ တစ်ပါး၊ အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်း အာဂုံအောင်၍ မူလအာဘိဓမ္မိက နှစ်ပါး၊ သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင်၍ ဒီဃဘာဏက လေးပါး၊ ဝိနယပိဋက၊ ဝိနည်း ဒုတိယပိုင်းသုံးကျမ်း အာဂုံအောင်၍ ဝိနယဓရ ၁၁ပါး၊ ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင်၍ ဥဘတောဝိဘင်္ဂဓရ အပါး ၄၀ တို့ ဖြစ်ကြကြောင်း သတင်းရရှိသည်။**

## (၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

## ရေးဖြေအောင်စာရင်း

### အဘိဓမ္မပိဋက၊ အဘိဓမ္မပထမပိုင်း ငါးကျမ်းသဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ(၁)ပါး

၁။ ပလ္လင်အမှတ်(၁၅၈)　အရှင်ပညာသိရီလင်္ကာရ၊အသက်(၄၁)နှစ်၊ သိက္ခာ(၂၁)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

### သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း၊ သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၃)ပါး

၁။ ပလ္လင်အမှတ်(၁၇၄)　အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၁၈၀)　အရှင်သုခိန္ဒြိယ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ရွှေကျောင်းတိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။

၃။ ပလ္လင်အမှတ်(၁၈၁)　အရှင်သီရိဒတ္တာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ၊ အသောကသီတဂူပရိယတ္တိစာသင်တိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

### ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ(၄)ပါး

၁။ ပလ္လင်အမှတ်(၁၉၃)　အရှင်ဝိစိတ္တ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၁၉၇)　အရှင်ဇယဒီသ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၂၀၇)　အရှင်ဝိစိတ္တသာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ်(၂၁၂)　အရှင်အာစိဏ္ဏ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့။

### ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၇)ပါး

၁။ ပလ္လင်အမှတ်(၂၃၂)　အရှင်ဝိစက္ခဏ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၂၃၉)　အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ပလ္လင်အမှတ်(၂၄၂)　အရှင်ခေမိကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ်(၂၄၇)　အရှင်စန္ဒန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅။ ပလ္လင်အမှတ်(၂၅၁)　အရှင်မာနိတ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ပလ္လင်အမှတ်(၂၆၆)　အရှင်ဇောတိသာရာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၇။ ပလ္လင်အမှတ်(၂၆၇)　အရှင်သိရိန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

## အာဂုံပြန်အောင်စာရင်း

### အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ(၁)ပါး

၁။ ပလ္လင်အမှတ်(၁)　အရှင်အဘိဇာတာဘိဝံသ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၉)ဝါ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

### အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက(၂)ပါး

၁။ ပလ္လင်အမှတ်(၃)　အရှင်ဝါသေဋ္ဌာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။ (အထူးအောင်)

၂။ ပလ္လင်အမှတ်(၄)　အရှင်စက္ကိန္ဒ(မြိုင်) အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ရန်ကုန်တိုင်း။

### သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက(၄)ပါး

၁။ ပလ္လင်အမှတ်(၅)　အရှင်အရိယဓမ္မ အသက်(၄၃)နှစ်၊ သိက္ခာ(၂၃)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၆)　အရှင်ဓမ္မသိဒ္ဓိ၊ အသက်(၄၂)နှစ်၊ သိက္ခာ(၂၂)ဝါ တိပိဋကကျောင်းတော် ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ပလ္လင်အမှတ်(၈)　အရှင်ဝေပုလ္လာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ်(၉)　အရှင်ဝိစိတ္တာလင်္ကာရ၊ အသက်(၂၈)နှစ်၊သိက္ခာ(၈)ဝါ တိပိဋကကျောင်းတော် ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။ (ဝိသိဋ္ဌဒီဃဘာဏက)

### ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း အာဂုံအောင် ဝိနယဓရ(၁၁)ပါး

၁။ ပလ္လင်အမှတ်(၁၁)　အရှင်သူရိယ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၁၆)　အရှင်ဝိမလာလင်္ကာရ၊ အသက်(၃၁)နှစ်၊သိက္ခာ(၁၀)ဝါ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ပလ္လင်အမှတ်(၁၇)　အရှင်ခေမိန္ဒ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ်(၁၉)　အရှင်ကိဝိဓဇ(မွန်)အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် မုံရွာမြို့၊စစ်ကိုင်းတိုင်း။

၅။ ပလ္လင်အမှတ်(၂၃)　အရှင်ကေသရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ မေဃဝန်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ပလ္လင်အမှတ်(၂၈)　အရှင်ဇဝနာလင်္ကာရ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၃၂)　အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ ရွှေယင်းမာကျောင်း၊ အောင်လံမြို့၊ မကွေးတိုင်း။

၈။ ပလ္လင်အမှတ်(၃၃)　အရှင်ဝိလာသ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၉။ ပလ္လင်အမှတ်(၃၉)　အရှင်ဩဘိဓိန၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ ပလ္လင်အမှတ်(၅၃)　အရှင်နန္ဒက၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ ရွှေကျင်(ဂျား)ကျောင်း စာသင်တိုက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်း။

၁၁။ ပလ္လင်အမှတ်(၆၃)　အရှင်သုဇနာလင်္ကာရ၊ အသက်(၂၆)နှစ်၊သိက္ခာ(၆)ဝါ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

### ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ(၄၀)ပါး

၁။ ပလ္လင်အမှတ်(၆၈)　အရှင်နန္ဒိယ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။ (အထူးအောင်)

၂။ ပလ္လင်အမှတ်(၇၀)　အရှင်မကုဋဉာဏ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၇၄)　အရှင်စန္ဒိမာ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ်(၇၅)　အရှင်ပညာဇောတ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း။

၅။ ပလ္လင်အမှတ်(၇၇)　အရှင်တေဇိန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊စစ်ကိုင်းမြို့စစ်ကိုင်းတိုင်း။ (အထူးအောင်)

၆။ ပလ္လင်အမှတ်(၇၈)　အရှင်သဇ္ဇန၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၇၉)　အရှင်ဇဝန၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ပလ္လင်အမှတ်(၈၁)　အရှင်ပညာသိရီ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၉။ ပလ္လင်အမှတ်(၈၃)　အရှင်ဇာနေယျ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ ပလ္လင်အမှတ်(၈၄)　အရှင်ဝါသဝါလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၁။ ပလ္လင်အမှတ်(၈၅)　အရှင်ပညာသိရီလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ မဟာမင်းထင်တိုက်၊ မိုးကုတ်ရိပ်သာကျောင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၂။ ပလ္လင်အမှတ်(၈၇)　အရှင်အဂ္ဂဉာဏ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။ (အထူးအောင်)

၁၃။ ပလ္လင်အမှတ်(၉၁)　အရှင်ဝိနယ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၄။ ပလ္လင်အမှတ်(၉၂)　အရှင်ဉာဏသာရာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကဓမ္မပါလမဟာဝိဟာရ ရွှေတောင်ဦး ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ်(၉၄)　အရှင်ဂမ္ဘီသာရ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ တိပိဋကဓမ္မပါလမဟာဝိဟာရရွှေတောင်ဦး ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၆။ ပလ္လင်အမှတ်(၉၇)　အရှင်စက္ကိန္ဒ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။ (အထူးအောင်)

၁၇။ ပလ္လင်အမှတ်(၉၈)　အရှင်ပညာဒီပ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ပလ္လင်အမှတ်(၁၀၆)　အရှင်ဝိသုဒ္ဓါလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၉။ ပလ္လင်အမှတ်(၁၀၈)　အရှင်ဓမ္မတိဏ္ဏ၊အသက်(၂၆)နှစ်၊သိက္ခာ(၆)ဝါ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၀။ ပလ္လင်အမှတ်(၁၁၂)　အရှင်နန္ဒိယ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ပလ္လင်အမှတ်(၁၁၃)　အရှင်သက္ကဓဇာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၂။ ပလ္လင်အမှတ်(၁၁၅)　အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ပလ္လင်အမှတ်(၁၁၆)　အရှင်လောကသိရီလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ပလ္လင်အမှတ်(၁၁၉)　အရှင်ဉာဏဝရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ပလ္လင်အမှတ်(၁၂၀)　အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကဓမ္မပါလမဟာဝိဟာရ ရွှေတောင်ဦးကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၆။ ပလ္လင်အမှတ်(၁၂၁)　အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၇။ ပလ္လင်အမှတ်(၁၂၂)　အရှင်တေဇောဘာသာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၁)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



● စာမျက်နှာ ၉ မှ

လာခြင်းအတွက်လည်းကောင်း၊ ဒေသ၌ပင် တက္ကသိုလ်ပညာ ဆည်းပူးခွင့်ရရှိခြင်းအတွက်လည်းကောင်း ကျေးဇူးတင်စကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုချီးမြှင့်ရာ နိုင်ငံတော်ဝန်ကြီးချုပ်က စာစီစာကုံးပြိုင်ပွဲတွင် To Produce Engineers Essential in the Protection of Independence ခေါင်းစဉ်ဖြင့် ကျင်းပသော ပြိုင်ပွဲ၌ ပထမဆုရရှိသည့် First Year Civil မှ မောင်ပြည့်ဖြိုးသူ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် To Produce Engineers Essential in the Building of a Modern Developed Nation ခေါင်းစဉ်ဖြင့် ကျင်းပသော ပြိုင်ပွဲ၌ ပထမဆုရ B.E(Mech;)မှမောင်ဆန်းထွန်းနိုင်၊ ဒုတိယဆုရ B.E (MC) မှ မောင်သီဟနှင့် တတိယဆုရ First Year Civil မှ မဖြူဟန်ထွန်းတို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး နိုင်ငံတော် ဝန်ကြီးချုပ်သည်



**နည်းပညာတက္ကသိုလ် (မုံရွာ) ကျောင်းအုပ်ကြီး ဒေါက်တာ အောင်ဆန်းလင်း နည်းပညာတက္ကသိုလ် (မုံရွာ)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် e-Library၊ Computer Room၊ Language Lab နှင့် ကျောင်းဆောင်သစ်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(မုံရွာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နည်းပညာတက္ကသိုလ် (မုံရွာ)ကို စက်မှုလက်မှု အထက်တန်းကျောင်းအဖြစ် ၁၉၈၂ ခုနှစ် ဇူလိုင် ၃၀ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ၁၉၈၆ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စက်မှုလက်မှု သိပ္ပံအဆင့်သို့ လည်းကောင်း၊ ၁၉၉၉ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် အစိုးရနည်းပညာကောလိပ်အဆင့်သို့ လည်းကောင်း အဆင့်ဆင့် တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် နည်းပညာတက္ကသိုလ် (မုံရွာ)အဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပညာတက္ကသိုလ် (မုံရွာ)၌ မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ စက်မှုစွမ်းအား အင်ဂျင်နီယာသင်တန်း၊ သုတနည်းပညာ အင်ဂျင်နီယာသင်တန်း၊ စက်မှုလျှပ်စစ် အင်ဂျင်နီယာသင်တန်း၊ စီအင်န်စီ အင်ဂျင်နီယာသင်တန်း၊ ချည်မျှင်နှင့်အထည် အင်ဂျင်နီယာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နည်းပညာတက္ကသိုလ် (မုံရွာ)က အေဂျီတီအိုင်ဒီပလိုမာ၊ နည်းပညာ



**ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား B.E(Mech;)မှ မောင်ဆန်းထွန်းနိုင် ကျေးဇူးတင်စကား ပြောကြားစဉ်။**
(သတင်းစဉ်)

ဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့များကို ချီးမြှင့်သည်။

**သင်ကြားပေးနိုင်ခဲ့**

ယနေ့အထိ အင်ဂျင်နီယာဘွဲ့ ၆၆၂ ဦး၊ နည်းပညာဘွဲ့ ၉၁၈ ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၅၃၇၄ဦးရရှိခဲ့ပြီး အခြေခံကျွမ်းကျင်မှုသင်တန်းဖြင့်လည်း ကျောင်းသား၊ ကျောင်းသူ ၄၁၄ဦးတို့အား စက်မှုအခြေခံပညာရပ်များကို သင်ကြားပေးနိုင်ခဲ့သည်။

နည်းပညာတက္ကသိုလ် (မုံရွာ)ကို ရွှေသံလွင်ကုမ္ပဏီက တည်ဆောက်ခဲ့သည်။ (သတင်းစဉ်)

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နည်းပညာတက္ကသိုလ်(မုံရွာ)ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ကထိကများ၊လက်ထောက်ကထိကများ၊ သရုပ်ပြနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ နည်းပညာတက္ကသိုလ်(မုံရွာ) ကျောင်းဆောင်သစ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မြတ်ဗုဒ္ဓသရီရပူဇာတရားတော် (သီတဂူဆရာတော်) (အပိုင်း-၁) |
| ၈း၀၀ | အဏ္ဏဝါ၏သားကောင်းများ |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | Staying Healthy & Fit for Life |
| ၉း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၅ | သံတွဲမြို့မှအံ့ဖွယ်ထူးခြား သုံးဆူဘုရား |
| ၉း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ | လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီးကလေးများသင်တန်း |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | ကလေးတို့အတွက် လက်ဆောင်(လေဘောလုံး၊ ထောင့်ချွန်ခွက်ပြုလုပ်နည်း) |
| ၁၀း၃၀ | စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်ဂီတ) |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ဧလေ့ရိုးရာရှမ်းရွာလေးများ |
| ၁၁း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | Celebrity Style (ဥက္ကာမင်းမောင်နှင့်တွေ့ဆုံခြင်း) |
| ၁၂း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၁၀ | ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု |
| ၁၂း၄၀ | စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၆း၂၅ | Luton - Blackburn | 5-Sports(Live) |
| ၉း၂၅ | Bristol City - Middlesbrough | 5-Series(Live) |
| | Birmingham - Reading | 5-Sports(Live) |
| ၁၁း၃၀ | Tottenham - Southend Utd | 5-Series(SDD) |
| ၁၁း၄၀ | Man Utd - Portsmouth | 5-Sports(Live) |

## ဝိနယာသီသ(ဝိနည်း)စာမေးပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ တတိယအကြိမ် ဝိနယာသီသ(ဝိနည်း) စာမေးပွဲကြီးကို မြို့နယ်သံဃနာယကအဖွဲ့ကကြီးမှူး၍ သာစုပရိယတ္တိစာသင်တိုက် ရွှေညဝါ ပညာ့ဗိမာန်ကျောင်း၌ဖေဖော်ဝါရီ ၃ရက်နှင့် ၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

စာအောင်ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ ၁၀ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး စာဖြေသံဃာတော်များအား လှူဒါန်းလိုသူများသည် မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဥဂ္ဂသ(သာစုပရိယတ္တိစာသင်တိုက်) ဖုန်း-၅၁၂၀၆၆၊ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီဟ (ရွှေညဝါ ပညာ့ဗိမာန်) ဖုန်း-၅၁၀၅၆၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

## အကျဉ်းဦးစီးဌာန ဖြေဖျော်ရေးအဖွဲ့ စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ သွားရောက်ဖြေဖျော်

**ရန်ကုန် ဇန်နဝါရီ ၂၆**

အကျဉ်းဦးစီးဌာန ဖြေဖျော်ရေးအဖွဲ့သည် ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၏ စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ သွားရောက်ဖြေဖျော်ရာ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ ရဲဘက်လုပ်အားရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖြေဖျော်ပွဲတွင် ဝန်ထမ်းများ၊ ရဲဘက်လုပ်အားရှင်များက အလှည့်ကျဖြေဖျော်တင်ဆက်ကြရာ ညွှန်ကြားရေးမှူးချုပ်က ရဲဘက်လုပ်အားရှင်များအတွက် ဆုငွေကျပ် ၅၀၀၀၀၊ ဖြေဖျော်ရေးအဖွဲ့အတွက် ဆုငွေကျပ် ၃၀၀၀၀တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းစခန်းမှ ယခုနှစ်တွင် မိုးစပါးဧက ၈၀၀ စိုက်ပျိုးခဲ့ရာ စပါးတင်း ၄၀၀၀၀ ထွက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**လှိုင်မြို့နယ် (၆)မိုင်ခွဲ ရွှေဟင်္သာလမ်းနေ အငြိမ်းစား ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၏ (၇၄)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်နှစ်သိန်းကို အလှူရှင်ကိုယ်စား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးခိုင်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)

❀ စာမျက်နှာ ၇ မှ

၁၈။ ပလ္လင်အမှတ်(၁၂၃) ရှင်ပညိန္ဒ၊ အသက်(၂၀)နှစ်၊
ဝင်းနိမ္မိတာရုံကျောင်းတိုက်၊
ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၉။ ပလ္လင်အမှတ်(၁၂၈) အရှင်စန္ဒိမာ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊
တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ပလ္လင်အမှတ်(၁၃၃) အရှင်အဂ္ဂဉာဏ(ငါန်းဇွန်)၊ အသက်(၂၇)နှစ်၊
သိက္ခာ(၇)ဝါ၊
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊
မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃၁။ ပလ္လင်အမှတ်(၁၃၄) အရှင်ဥေယျမွေ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊
မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃၂။ ပလ္လင်အမှတ်(၁၃၉) အရှင်နရပတိလင်္ကာရ၊အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ပလ္လင်အမှတ်(၁၄၀) အရှင်သုနန္ဒ၊အသက်(၂၅)နှစ်၊သိက္ခာ(၅)ဝါ၊
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၄။ ပလ္လင်အမှတ်(၁၄၁) အရှင်သီလာနန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊
နိကာယ် စာသင်တိုက်၊
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၅။ ပလ္လင်အမှတ်(၁၄၂) အရှင်ဉာဏလင်္ကာရ၊ အသက်(၂၅)နှစ်၊
သိက္ခာ(၄)ဝါ၊
ကံသာကျောင်း၊ အသောကာရာမတိုက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၃၆။ ပလ္လင်အမှတ်(၁၄၄) အရှင်ပညာဘောဂ၊ အသက်(၂၃)နှစ်၊သိက္ခာ(၃)ဝါ၊
မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်း။ (အထူးအောင်)

၃၇။ ပလ္လင်အမှတ်(၁၄၅) အရှင်ဝိစိတ္တသာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊
အလယ်တိုက်ကြီး၊ ပုဂံအတွင်းဝင်တိုက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၃၈။ ပလ္လင်အမှတ်(၁၄၈) အရှင်မဏိဇောတာလင်္ကာရ၊ အသက်(၂၃)နှစ်၊
သိက္ခာ(၃)ဝါ၊
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်း။

၃၉။ ပလ္လင်အမှတ်(၁၅၀) အရှင်စန္ဒဇောတိ၊ အသက်(၂၂)နှစ်၊သိက္ခာ(၂)ဝါ၊
တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်တိုင်း။

၄၀။ ပလ္လင်အမှတ်(၁၅၂) အရှင်တေဇိန္ဒ(ခင်ဦး)၊အသက်(၂၃)နှစ်၊သိက္ခာ(၂)ဝါ၊
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊
မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။



ဇန်နဝါရီ ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီးတို့ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး HE. Mr. Bob Davisနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ပျဉ်းမနားခရိုင် တိုင်းရင်းဆေးကုဌာနမှ ကြီးမှူးကျင်းပသော အခြေခံတိုင်းရင်းဆေးပညာသင်သင်တန်း (၁/၂၀၀၇) ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ပျဉ်းမနားမြို့ မြို့မဈေးကုန်း ကျောင်းတိုက်တွင် ကျင်းပရာ တိုင်းရင်းဆေးပညာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။

(တိုင်းရင်းဆေး)

## ပျော်ဘွယ်မြို့နယ် ရွာသာရွာတရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ် ရွာသာရွာ ရွာသာကျောင်းတိုက်အတွင်း၌ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ၃ရက်မှ ၉ရက်အထိကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ရှိ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)


# သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

# တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)
# (၁၀၁)နှစ်မြောက် မွေးနေ့

( ၆-၂-၂၀၀၇ )ရက်နေ့မှ ( ၁၀-၂-၂၀၀၇ )အထိ
ကျင်းပမည်။


## ဓမ္မဝံသရက္ခိတအသင်းဓမ္မသဘင်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ဗိုလ်တထောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မဝံသရက္ခိတအသင်းမှ ကြီးမှူး၍ ဗိုလ်တထောင်စေတီတော် တိုးချဲ့ရင်ပြင်၌ ဖေဖော်ဝါရီ ၅ ရက် (တနင်္လာနေ့)မှစ၍ ညစဉ်၇နာရီတွင် ဓမ္မပူဇာတရားပွဲများကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်၊ ၆ ရက်တွင် (ဓမ္မဘေရီတောင်စွန်း)အရှင်ဝီရိယ၊ ၇ ရက်တွင် အရှင်ရာဇိန္ဒ(ရဝေန္တယ်-အင်းမ)၊ ၈ရက်တွင် အရှင်ဇေယျပဏ္ဍိတ(ပိုင်းလော့ ဆရာတော်)၊ ၉ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်)၊ ၁၀ ရက်တွင် အရှင်ပဏ္ဍိစ္စ (ပြည်တော်ဦးဆရာတော်)၊ ၁၁ရက်တွင် မဇ္ဈိမဂုဏ်ရည်အရှင်ကောဝိဒဆရာတော်၊ ၁၂ရက်တွင် အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ)နှင့် ၁၃ ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ဆရာတော်တို့က တရားတော်များဟောကြားကြမည်ဟုသိရသည်။ (၂၃)





## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁-၂၀၀၇ (စနေနေ့ )**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ ဓိုက္ကာရဲရေထိန်းတံခါး
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၄၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁း၀၀ ၇။ **“လောကရဲ့အလှရတနာ” (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)**
- ၁း၂၅ ၈။ ချောင်းမငယ်ရေလှောင်တမံ
- ၁း၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁း၅၅ ၁၀။ အဆိုပြိုင်ပွဲ
- ၂း၁၀ ၁၁။ **“အဲဒီမှာစတွေ့တာပဲ” (မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၂း၁၅ ၁၂။ ဗိုလ်မြတ်ထွန်းတံတား
- ၂း၂၅ ၁၃။ အတီးပြိုင်ပွဲ
- ၂း၃၅ ၁၄။ နဂါးရေလှောင်တမံ
- ၂း၄၅ ၁၅။ International News.
- ၃း၀၀ ၁၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၅၅ ၅။ မြင်းခြံ စိန်သန်းငွေးဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၅း၁၀ ၆။ တေးဂီတအစီအစဉ်
- ၅း၂၅ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၅း၅၀ ၈။ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ပါ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇း၀၅ ၁၂။ **မြန်မာနိုင်ငံတွင် ပယောဂကင်းကင်းဖြူစင်သော စိတ်ရင်းဖြင့် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိသည် (အပိုင်း-၁)**
- ၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်ကြွေရင်ခုန်သံ” (အပိုင်း-၁၅)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လှပသောနေ့ရက်များ” (အပိုင်း-၁၉)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## ကျောက်ကြီးမြို့နယ်အတွင်း မိုင်းတစ်လုံးပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရ
### အကြမ်းဖက်သောင်းကျန်းသူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း တောင်ငူခရိုင်ကျောက်ကြီးမြို့နယ် မုန်းဒေသ မီးတိုင်တောကျေးရွာအုပ်စုတွင် အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ မီးတိုင်တောကျေးရွာအုပ်စု မြောင်ဦးကျေးရွာနေ စိုင်းလုံ(၃၂)နှစ်သည် ဇန်နဝါရီ ၂၅ရက် မွန်းတည့်ချိန်တွင် ငါးရှာရန်သွားရောက်စဉ် မြောင်ဦးရွာအရှေ့ဘက် တစ်မိုင်ခန့်သို့အရောက် လှည်းလမ်းဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား နင်းမိသဖြင့် ယာခြေကျင်းဝတ်ပြတ်သွားခဲ့သည်။

မိုင်းထိလူနာအား ယင်းညနေတွင် မုန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ပို့၍ ဆေးကုသပေးလျက်ရှိကြောင်းနှင့် မိုင်းထောင်သည့်အကြမ်းဖက်သောင်းကျန်းသူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် တာဝန်ရှိသူများက ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၂)သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၆**

(ယခင် ဘောက်ထော် မက်သဒစ် အလက(၂)(သဃ်န်းကျွန်း)အထက(၂) သဃ်န်းကျွန်းတွင် သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ်၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

၁၉၆၄ မှ ၂၀၀၇ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀) ကျော် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဒေါ်တင်နွဲ့(ကျောင်းအုပ်ကြီး၊အထက၂၊ သဃ်န်းကျွန်း) ဖုန်း-၅၆၅၅၆၈၊ ဒေါ်သိန်းတင်(အငြိမ်းစားကျောင်းအုပ်ကြီး)ဖုန်း-၅၇၇၉၄၆၊ ဦးသိန်းဇော် ဖုန်း-၅၄၃၇၅၈၊ဦးကျော်ကျော်နိုင် ဖုန်း-၇၂၁၁၂၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

## ဗောဓိတထောင်ကျောင်းတိုက်၊ကမ္ဘာ့အကြီးဆုံး ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဌာပနာတော် ထည့်သွင်းပူဇော်ပွဲနှင့်ဗုဒ္ဓပူဇနီယပွဲတော်

စစ်ကိုင်းတိုင်း၊မုံရွာမြို့နယ်၊ခတက္ကန်တောင်ရွာ၊ မဟာဗောဓိတထောင်ကျောင်းတိုက်တွင် တည်ထားပူဇော် အပ်သော ဉာဏ်တော်အမြင့် (၄၂၄)ပေ၊ အထပ်ပေါင်း (၃၃) ထပ်ရှိ ကမ္ဘာ့အကြီးဆုံးလေးကျွန်းစကြာ၀ရုပ်တော်မူဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဆရာတော်ကြီး၏ မွေးနေ့ ဖြစ်သည့် ၁၃၆၈ ခု၊ တပို့တွဲလဆန်း (၁၄)ရက်၊ ၂၀၀၇ ခု၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် တပည့်သံဃာတော်များ ဒါယကာ၊ ဒါယိကာမများဦးစီး၍ ဌာပနာတော်ထည့်သွင်း ပူဇော်ခြင်း၊ သံဃာတော် (၁၀၀၀)၊ သီလရှင် (၁၀၀၀) တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ အာဟာရဒါနဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် တပို့တွဲလပြည့်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ပင့်သံဃာတော်အရှင်မြတ် အပါး (၃၀၀)တို့အား သံဃဒါန လောင်းလှူပူဇော်ခြင်း၊ နိုင်ငံကျော်ဓမ္မကထိကဆရာတော် များ၏ ဓမ္မပူဇာသဘင်များဆင်ယင်ကျင်းပခြင်းတို့ဖြင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်အတိုင်း အထူးစည်ကားသိုက်မြိုက်စွာကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ တပည့်သာဝကများအားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

နာယကဆရာတော်များ
မဟာဗောဓိတထောင်၊ မုံရွာ


## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးစိုး
(Managing Director, Ngapali Beach Hotel)
အတွက် အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

Ngapali Beach Hotel ၏ ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစုများ အားလုံးမှ Ngapali Beach Hotel ၏ (Managing Director) ဒေါ်အေးအေးစိုးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၇) ဖြင့် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ထပ်မံဂုဏ်ပြု ချီးမြှင့်ခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း။

NGAPALI BEACH HOTEL
ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစုများ



ကွန်ပျူတာအခြေခံတတ်ပြီးသူတိုင်းနှင့် ယနေ့ခေတ်မျိုးဆက်သစ်လူငယ်များအတွက်
ဇော်လင်း (YOUTH Computer) ၏
**Server 2003 နှင့် BEYOND A+**
သင်အတွက် သင့်မိသားစုအတွက် သင့်လုပ်ငန်းအတွက် ကွန်ရက်အခြေခံလုပ်ငန်းများအတွက် အကြောင်းစုံပါဝင်ပါသည်။

ရှောင်လေဝေးဝေး မူးယစ်ဆေး



**MHR, Human Resource Development Specialist**
ထုံးစံရိုးရာ ကျောင်းချိန်ပြင်ပသင်ကြားသော စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ သင်တန်းများ

1. **Office Management for Executives** (ရုံးလုပ်ငန်းစီမံခန့်ခွဲမှု ပညာသင်တန်း)
   သင်ကြားပို့ချမည့်ဘာသာရပ်များ
   (1) Equipment, Materials, Services and Supplies (2) Work environment and Controls
   (3) Communication and Personal Effectiveness (4) Procedures and Information
2. **Mastering Customer Service** (အထူးဝန်ဆောင်မှု ပေးခြင်းပညာသင်တန်း)
   သင်ကြားပို့ချမည့်ဘာသာရပ်များ
   (1) Customer Service Elements (2) Customer Service Department
   (3) Customer Service Information (4) Handling Complaints

**MHR, 905, Thanzay Condo, Lanmadaw St.**
**Tel; 707822, 09510 3747, 09501 0742**
***Classes Begin : Feb 1st week***
***Enrol Now! Seats are limited***



ရုပ်သံအကြည်လင်ဆုံး...

**NIBBAN**®



**MRTV-4 ANTENNA**

MRTV-4 အစီအစဉ်များကို အခမဲ့ ဖမ်းယူကြည့်ရှုနိုင်မည့် UHF Antenna အမျိုးအစားသစ်တစ်မျိုးကို NIBBAN မှ ထပ်မံထုတ်လုပ်လိုက်ပါပြီ။ N I B B A N

NIBBAN အမှတ်တံဆိပ်ကို အထူးဂရုပြု ဝယ်ယူအားပေးကြပါ။

A Quality Product of ... ရန်ကုန်မြို့နှင့်အနီးတဝိုက်အတွက်သာ

**NIBBAN** ELECTRIC & ELECTRONICS
ISO 9001:2000



*"Bring the best to your child during this Summer!"*

- အင်္ဂလိပ်စာအထူးပြုသင်ကြားမှု
- ကွန်ပျူတာသင်ခန်းစာ
- ကိုရီးယားကြောင်းဆင်ခြင်တွေးခေါ်တတ်မှုစွမ်းရည်
- ခေါင်းဆောင်နိုင်မှုစွမ်းရည်
- နိုင်ငံတကာအဆင့် Camp များ
- ပန်းချီ အနုပညာ ဂီတနှင့် အက
- အားကစားလှုပ်ရှားမှုများ
- ပြည်တွင်း ပြည်ပလေ့လာရေးခရီးများ

For ages 3 years and above

Tel: 296552 293754
526456 557448 ext 849
524599 501976

TOTAL
**SUMMER SCHOOL**
between March through May 2007
ကျောင်းအပ်လက်ခံနေပါပြီ။

TOTAL Learning Academy
TOTAL Kids School
Scientific Learning



# NAING Group Construction Co.,Ltd.

"၂၀၀၇ ဇန်နဝါရီလ (၁၅)ရက်နေ့ မှ (၃၀)ရက်နေ့ အထိ ကျင်းပမည့် နှစ်သစ်ကူးအိမ်ရာ အထူးဈေးရောင်းပွဲတော်ကြီး"

ကျန်ရှိသော ဈေးရောင်းပွဲတော်ရက်အတွင်း ....ထပ်မံ မရရှိနိုင်သောအခွင့်အရေး ....
နောက်ထပ်မရနိုင်သော ဈေးနှုန်းနဲ့ ..... တိုက်ခန်းလက်ဝယ်ရရှိစေဖို့ ......

SPECIAL DISCOUNT

**28% Special Discount**

ချယ်ရီကွန်ဒို - အမှတ်(၁၁၆/၁၁၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။
(၂၄ နာရီ မီးစက်လေ့ကားစနစ် ပါဝင်ပါသည်။)

Apartment - အမှတ်(၃၁)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။

**18% Special Discount**

ကုံကော်သစ်ကွန်ဒို - အမှတ်(၅၆)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
(၂၄ နာရီ မီးစက်လေ့ကားစနစ် ပါဝင်ပါသည်။)
(ရောင်းရန် တိုက်ခန်းအနည်းငယ်သာကျန်ရှိပါသည်။)

**23% Special Discount**

နှင်းဆီကွန်ဒို - အမှတ်(၁၈၂/၁၉၄)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။
စံကားဝါကွန်ဒို - အမှတ်(၂)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။
သရဖီကွန်ဒို - အမှတ်(၅၀၈/၅၁၂)၊ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။
စံပယ်ကွန်ဒို - အမှတ်(၅၀)၊ ဘုန်းကြီးလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
(၂၄ နာရီ မီးစက်လေ့ကားစနစ် ပါဝင်ပါသည်။)

Apartment - အမှတ်(၅/၁၁)၊ ဈိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်။
Apartment - အမှတ်(၁၆၆/၁၆၈)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
Apartment - အမှတ်(၁၃/၁၅)၊ ၅၃လမ်း၊ ပုဇွန်တောင်မြို့နယ်။
Apartment - အမှတ်(၈၃)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
Apartment - အမှတ်(၅၂)၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

**အထူးခြားဆုံး အစီအစဉ်**

ဈေးရောင်းပွဲတော်အတွင်းဝယ်ယူသော Customer များအားချက်ခြင်းအကျိုးရှိမည့် ဇလားမပါက်ခင်းမဲ အစီအစဉ်။

ပထမဆု - မိမိဝယ်ယူသော တိုက်ခန်းတန်ဖိုး၏ 10% Discount
ဒုတိယဆု - မိမိဝယ်ယူသော တိုက်ခန်းတန်ဖိုး၏ 7% Discount
တတိယဆု - မိမိဝယ်ယူသော တိုက်ခန်းတန်ဖိုး၏ 5% Discount
ကျန်ဆုများ - မိမိဝယ်ယူသော တိုက်ခန်းတန်ဖိုး၏ 3% Discount (ဇလားမပါဆု)

**အရောင်းပွဲတော်ကျင်းပလျှက်ရှိသောနေရာ**
စံကားဝါကွန်ဒို - အမှတ်(၂)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။
Ph : 555 346, 381 707, 248 082, 383 658, 09 51 12139, 09 99 27389

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

**မြို့ကွက်သစ်**

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**အဆင့်မြင့်ဈေး**

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ(မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ**

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

**စည်းကမ်းချက်များ**

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

**စုံစမ်းရန် ဖုန်းနံပါတ်များ။** ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊ ၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။**

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit အား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ယနေ့ကမ္ဘာသည် မနက်ဖြန်ကမ္ဘာအဖြစ် မြန်မြန်ဆန်ဆန် ဆက်စပ်ပြီး ပြောင်းလဲလျက်ရှိ ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်ပြိုင်ရင်ဆိုင် ရပ်တည်နိုင်ရန် ပညာရေးကို ခေတ်နှင့်အညီ ပြုပြင်မြှင့်တင် ဖွံ့ဖြိုးရေးဒေသ ၂၄ ခုလုံး၌ရှိသော ကောလိပ်အားလုံးသည် တက္ကသိုလ်များ ဖြစ်သွားပြီ ဒေသအလိုက် အဆင့်မြင့်ပညာနှင့် ဘွဲ့လွန်အဆင့်မြင့်ပညာ သင်လိုသူတိုင်း လက်လှမ်းမီ ပညာသင်ခွင့်ရရှိ



နေပြည်တော် ဇန်နဝါရီ ၂၆

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အောက်ရှိ နည်းပညာတက္ကသိုလ်(မုံရွာ) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ တက္ကသိုလ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။**

နည်းပညာတက္ကသိုလ်(မုံရွာ) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နည်းပညာတက္ကသိုလ် (မုံရွာ) ရှိ e-Library၊ Computer Room နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)